


# မရဏကုန်စည်

## မြန်မာနိုင်ငံရှိ စစ်ရာဇဝတ်မှုများကို မီးထိုးနေသော ထောက်ပံ့ရေးကွင်းဆက်အား ဖော်ထုတ်ခြင်း

AMNESTY INTERNATIONAL

Amnesty International သည် လူ့အခွင့်အရေးများကို အားလုံး ရရှိခံစားနိုင်ရေးအတွက် လူသားတိုင်းတွင်ရှိသော လူသားဆန်မှုကို နှိုးဆွလှုံ့ဆော်ပေးကာ ပြောင်းလဲမှုများအတွက် စည်းရုံး လှုပ်ရှားသည့် လူပုဂ္ဂိုလ် ၁၀ သန်းကျော် ပါဝင်သော လှုပ်ရှားမှုတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ ကမ္ဘာတစ်ဝန်းရှိ အာဏာရှိသူများအနေဖြင့် ကတိကဝတ်တည်ပြီး နိုင်ငံတကာဥပဒေကို လေးစားလိုက်နာကာ တာဝန်ခံမှုရှိရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မည်သည့်အစိုးရ၊ မည်သည့် နိုင်ငံရေးအယူအဆ၊ မည်သည့် စီးပွားရေး အကျိုးစီးပွား သို့မဟုတ် မည်သည့် ဘာသာရေး အကျိုးစီးပွား နှင့်မဆို အမှီအခိုကင်းလွတ်လပ်ပြီး အဖွဲ့ဝင်များ နှင့် တစ်ဦးချင်းစီ၏ အလှူငွေ ထည့်ဝင်မှုများဖြင့် အဓိက ရန်ပုံငွေရရှိပါသည်။ နေရာတိုင်းရှိ လူသားအားလုံးနှင့် စည်းလုံးညီညွတ်မှုရှိပြီး စာနာရိုင်းပင်းမှုဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းကို ပိုမိုကောင်းမွန်အောင် ပြောင်းလဲနိုင်မည်ဟု ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ပါသည်။

© Amnesty International 2022
Except where otherwise noted, content in this document is licensed under a Creative Commons (attribution, non-commercial, no derivatives, international 4.0) licence.
https://creativecommons.org/licenses/by-nc-nd/4.0/legalcode
For more information please visit the permissions page on our website: www.amnesty.org
Where material is attributed to a copyright owner other than Amnesty International this material is not subject to the Creative Commons licence.
First published in 2022
by Amnesty International Ltd
Peter Benenson House, 1 Easton Street
London WC1X 0DW, UK

***Cover:*** *Illustration by Colin Foo*

**Index: ASA 16/6147/2022**
**Original language: English**

**amnesty.org**

AMNESTY INTERNATIONAL

# အစီရင်ခံစာ အကျဉ်းချုပ်

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက် ၁ နာရီခန့်တွင် မြန်မာနိုင်ငံ အရှေ့ပိုင်း ကယားပြည်နယ်ရှိ ရီးခီးဘူစခန်းအား မြန်မာစစ်တပ်မှ တိုက်လေယာဉ်များက ဗုံးနှစ်လုံး ကြဲချခဲ့သည်။ အဆိုပါ စခန်းမှာ လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခမှ လွတ်မြောက်ရန် ကြိုးပမ်းနေသူများကို လက်ခံထားရာ နေရာဖြစ်ပါသည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် စခန်း၏ မီးဖိုချောင်နေရာ ပျက်စီးခဲ့ပြီး မိသားစုများအိပ်စက်ရာ နေရာအဖြစ်သုံးသည့်အဆောင်တစ်ခု၏ သွပ်မိုးများပေါက်ပြဲကုန်ကာ ထွက်ပြေးလာသူများ ခိုလှုံရာနေရာအဖြစ် ဆက်လက်အသုံးမပြုနိုင်တော့ဘဲ ဖြစ်သွားခဲ့သည်။ တိုက်ခိုက်မှုအတွင်း အသက် ၅၀ ကျော်အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၁၅ နှစ်နှင့် ၁၂ နှစ် ဝန်းကျင်ရှိ မာရီယာနှင့် ကာရိုလိုင်းတို့ ညီအစ်မနှစ်ဦးလည်း သေဆုံးခဲ့သည်။ ၎င်းတို့၏ဖခင် ကော်ရေးက နောက်တစ်နေ့နံနက်တွင် စခန်းသို့ ရောက်ရှိလာခဲ့သည်။ “ကျွန်တော့် သမီးလေးတွေရဲ့အလောင်းတွေကို အဝတ်တွေနဲ့ ဖုံးထားတာတွေ့ရတယ်။ အလောင်းတွေကို ထိုင်ပဲကြည့်နေချင်တယ်” ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ ပြောကြားခဲ့သည်။ ထိုတိုက်ခိုက်မှုပြုလုပ်ချိန်တွင် စခန်းအနီးတစ်ဝိုက်၌ တိုက်ခိုက်ရေးသမားများ သို့မဟုတ် အခြားစစ်ဘက်ဆိုင်ရာ ပစ်မှတ်များ ရှိမနေခြင်းကြောင့် ဤလေကြောင်းတိုက်ခိုက်မှုသည် အရပ်သားများနှင့် အရပ်ဘက်အဆောက်အအုံများအား တိုက်ရိုက်တိုက်ခိုက်မှု ဖြစ်ပုံပေါ်ပြီး စစ်ရာဇဝတ်မှုတစ်ခုလည်း မြောက်ပါသည်။

ရီးခီးဘူကို တိုက်ခိုက်ခြင်းသည် မြန်မာစစ်တပ်က ပြုလုပ်နေသော ဥပဒေမဲ့ လေကြောင်းတိုက်ခိုက်မှုများ၏ ပုံစံ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားအမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးငယ်များ သေဆုံးကာ ထိခိုက်ဒဏ်ရာရရှိမှုများနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ပဋိပက္ခဒဏ်ခံဒေသများတွင် လူမှုအသိုင်းအဝိုင်းတစ်ခုလုံး နေရပ်စွန့်ခွာထွက်ပြေးရမှုများဖြစ်ခဲ့သည်။ ယင်းတိုက်လေယာဉ်များက ပစ်မှတ်ကိုတိတိကျကျမမှန်သောဒုံးကျည်များ၊ သေချာချိန်ရွယ်ကြဲချခြင်း မဟုတ်သည့်ဗုံးများနှင့် နိုင်ငံတကာတွင်တားမြစ်ထားသော ပစ်မှတ်မခွဲခြားဘဲထိမှန်နိုင်သည့် ဗုံးတွဲများကို ကြဲချခြင်းများ ပြုလုပ်ခဲ့ခြင်းကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းတင်ထားသည်။ ယင်း တိုက်ခိုက်မှုများကြောင့် နေအိမ်များ၊ ဘာသာရေး အဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများ အပါအဝင် အခြားအရပ်ဘက် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး ထိတ်လန့်ကြောက်ရွံ့မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားစေခဲ့သည်။ မကြာသေးခင်ကလည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအလယ်ပိုင်း လက်ယက်ကုန်းကျေးရွာရှိ စာသင်ကျောင်းအဖြစ် အသုံးပြုသည့် အဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းကို စစ်တပ်မှ တိုက်ခိုက်ရေး ရဟတ်ယာဉ်များဖြင့် ပစ်ခတ်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၁ ဦးထက်မနည်း သေဆုံးခဲ့ပြီး သေဆုံးသူအများစုမှာ ကလေးငယ်များဖြစ်ကြောင်း United Nations Children’s Fund (UNICEF) နှင့် မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

မြန်မာစစ်တပ်သည် အဆိုပါတိုက်ခိုက်မှုများတွင် အသုံးပြုသည့် လေယာဉ်များအတွက် လေယာဉ်ဆီအား မှီခိုအားထားနေရပြီး ယင်းလောင်စာဆီများမှာ ပြည်ပနှင့် ပြည်တွင်းကုမ္ပဏီများမှ တင်သွင်း၊ ကိုင်တွယ်၊ သိုလှောင်ဖြန့်ဖြူးပေးနေသည့် လောင်စာဆီအမျိုးအစားဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က Justice For Myanmar နှင့် အတူ မြန်မာနိုင်ငံတွင် အလွှို့ဝှက်ဆုံးနှင့် ဗျူဟာကျသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများထဲမှ တစ်ခုဖြစ်သည့် "စစ်တပ်အား လေယာဉ်ဆီ ထောက်ပံ့ပေးခြင်း"၏ အသေးစိတ်မှတ်တမ်းကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တင်ပြထားပါသည်။

၂၀၁၅ခုနှစ်မှစပြီး လေယာဉ်ဆီ ထောက်ပံ့ရေးကွင်းဆက်တွင် အဓိကပါဝင်သည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းမှာ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာ နှင့် စင်ကာပူတွင် အဓိကအခြေစိုက် ဖွဲ့စည်းတည်ထောင်ထားသော ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ကုမ္ပဏီ Puma Energy ဖြစ်ပြီး၊ ကုန်စည်ကုမ္ပဏီကြီး Trafigura မှ အများအားဖြင့်ပိုင်ဆိုင်ထားသည်။

Puma Energy ၏ မြန်မာနိုင်ငံမှ ဆက်စပ်လုပ်ငန်းနှစ်ခုဖြစ်သည့် ၎င်းတို့ပိုင် Puma Energy Asia Sun (PEAS) နှင့် ၎င်းတို့နှင့်ဖက်စပ်လုပ်ကိုင်သူ National Energy Puma Aviation Services (NEPAS) တို့သည် မြန်မာစစ်တပ်အတွက် လေယာဉ်ဆီ ထောက်ပံ့ပေးရာတွင် ပါဝင်ခဲ့သည့် အခန်းကဏ္ဍကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ PEAS ကုမ္ပဏီသည် ၎င်း၏ ရန်ကုန် သီလဝါဆိပ်ကမ်း သို့ ရောက်လာသည့် လေယာဉ်ဆီများကို ကိုင်တွယ် သိုလှောင်ခြင်းအတွက် တာဝန်ယူထားပြီး NEPAS က လေယာဉ်ဆီ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းအပြင် မြန်မာနိုင်ငံ လေဆိပ် ၁၁ ခုတွင် ဆီဖြည့်ခြင်း ဝန်ဆောင်မှုများ ပေးပါသည်။ Puma Energy ၏ အကျိုးတူဖက်စပ်ဖြစ်သော **NEPAS** ၏ ပူးပေါင်းလုပ်ငန်းမှာ နိုင်ငံပိုင် မြန်မာ့ရေနံဓာတုလုပ်ငန်းဖြစ်ပြီး၊ ထိုလုပ်ငန်းကို ဖေဖော်ဝါရီ ၂၀၂၁ တည်းက စစ်တပ်မှ ထိန်းချုပ်ထားသည်။ အခြား ဖက်စပ်လုပ်ငန်းမှာ **Asia Sun Group** လုပ်ငန်းဖြစ်သည်။ Puma Energy သည် မြန်မာနိုင်ငံရှိ ၎င်း၏ ပိုင်ဆိုင်မှုများကို ရောင်းချပြီး နိုင်ငံတွင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကြေညာခဲ့သည်။ သို့သော် ဤအစီရင်ခံစာထုတ်ပြန်ချိန်အထိ Puma Energy သည် ၎င်း၏ ထွက်ခွာမည့်ရက်ကို မဖော်ပြထားဘဲ PEAS ကို ဆက်လက်ပိုင်ဆိုင်ထားပြီး NEPAS တွင်လည်း အစုရှယ်ယာအနည်းစုရှိသည်။

ကမ္ဘာတစ်ဝန်းနှင့်ဒေသဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများဖြစ်သည့် Chevron၊ Exxon Mobil၊ Rosneft၊ Petro China နှင့် Thai Oil တို့အပြင် ရေကြောင်းအာမခံကုမ္ပဏီများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေကြောင်းတင်ပို့မှုကိုယ်စားလှယ်ကုမ္ပဏီများနှင့် ဆီတင်ကားများဖြင့် ဖြန့်ဖြူးရောင်းချသူများသည်လည်း လောင်စာဆီ ထောက်ပံ့ရေးကွင်းဆက်၏ တစိတ်တစ်ပိုင်းဖြစ်နေပြီး ၎င်းတို့အားလုံး စစ်ရာဇဝတ်မှုမြောက်သော လေကြောင်းတိုက်ခိုက်မှုများအတွက် တာဝန်ရှိသည့် မြန်မာစစ်တပ်နှင့် ပတ်သက်ဆက်နွှယ်မှုကိုဖြစ်စေသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ပေးပို့သောစာအား ပြန်ကြားသည့် ကုမ္ပဏီများက မြန်မာနိုင်ငံရှိ ၎င်းတို့၏ဝယ်ယူသူများအား အရပ်ဘက်သုံးအတွက်သာ လေယာဉ်ဆီ ရောင်းချခဲ့ကြောင်း သို့မဟုတ် တင်ပို့မှုတွင်ပါဝင်ခဲ့ကြောင်း တုံ့ပြန်ခဲ့သည်။

Puma Energy က "၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးကတည်းက မြန်မာ့လေတပ် (MAF) သို့ မည်သည့် လောင်စာဆီ သို့မဟုတ် ထုတ်ကုန်ကိုမျှ ရောင်းချခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်း မရှိကြောင်း" ဖော်ပြခဲ့သည်။ သို့သော်လည်း Puma Energy မှ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ထံ ရေးသားသော စာတွင် **"အရပ်ဘက်သို့ သီးခြားခွဲခြားရောင်းချရန် ချမှတ်ထားသောထိန်းချုပ်မှုအစီအမံများကို မြန်မာလေတပ်** MAF **က ချိုးဖောက်သွားနိုင်ခဲ့သည့်ဖြစ်ရပ်များ"** ရှိခဲ့ကြောင်း သတင်းများရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

မြန်မာနိုင်ငံအတွက် လေယာဉ်ဆီ ထောက်ပံ့ရေးကွင်းဆက်ကို ဖော်ထုတ်ပြသရာတွင် ဤအစီရင်ခံစာသည် ကျယ်ပြန့်သော အချက်အလက်ရင်းမြစ်များပေါ်တွင် အခြေခံထားပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ နှစ်များစွာအတွင်း မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများနှင့် သက်ဆိုင်သော ကျယ်ပြန့်သည့် မှတ်တမ်းမှတ်ရာများမှ အချက်အလက်များကို မူတည်ပြီး နိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကြား ဆက်နွယ်မှုဆိုင်ရာ ယခင်စုံစမ်းစစ်ဆေးမှုများကိုလည်း အခြေပြုထားသည်။ ဤအစီရင်ခံစာသည် မြန်မာစစ်တပ်၏ စီးပွားရေးနှင့် စီးပွားရေး အကျိုးစီးပွားများကို ချိတ်ဆက်ဖော်ပြထားသော Justice For Myanmar အဖွဲ့ လုပ်ဆောင်ခဲ့သည့် ကျယ်ပြန့်သော လေ့လာတင်ပြချက်များ အပေါ်တွင်လည်း အခြေခံပါသည်။

လေကြောင်းတိုက်ခိုက်မှုများကို မှတ်တမ်းတင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်း သုတေသနပြု လေ့လာချက်များကို မြေပြင်အပါအဝင် အဝေးမှပါ ပြုလုပ်ခဲ့သည်။ ပဋိပက္ခဒဏ်ခံ လူပေါင်း ၁၂၀ ကျော်အပြင် ဆေးဘက်ဆိုင်ရာ ပညာရှင်များနှင့် အခြားသူများ၏ ကိုယ်တွေ့အဖြစ်အပျက်များကို မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ အခြားဆက်သွယ်မေးမြန်းမှုများတွင် မြန်မာ့လေတပ် တပ်ဖွဲ့ဝင်ဟောင်းများ၊ Puma Energy နှင့် နီးစပ်သော သတင်းရင်းမြစ်များ၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်သူများနှင့် မြန်မာစစ်တပ်အတွက် လေယာဉ်ဆီ ထောက်ပံ့ရေးကွင်းဆက်တွင် ပါဝင်ခဲ့သည့် သူများ ပါဝင်ပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ကုမ္ပဏီများမှ လူသိရှင်ကြား ထုတ်ပြန်ထားသော လုပ်ငန်းဆိုင်ရာစာရွက်စာတမ်းများ အပါအဝင် အခြားသော အရင်းအမြစ်များစွာကို ရယူပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာခဲ့သည်။ ယင်းတို့အထဲတွင် သင်္ဘောခြေရာခံခြင်း သို့မဟုတ် AIS အလိုအလျောက် ဒေတာ ခွဲခြားသတ်မှတ်ခြင်းစနစ်၊ ပေါက်ကြားထွက်လာသော ကုမ္ပဏီစာရွက်စာတမ်းများ၊ ဝန်ကြီးဌာနများမှပေါက်ကြားသော စာရွက်စာတမ်းများ၊ ဂြိုဟ်တုဓာတ်ပုံနှင့် ပထဝီနေရာဒေသဆိုင်ရာ အချက်အလက်များ၊ လွတ်လပ်စွာရယူနိုင်သော ဓာတ်ပုံများနှင့် ဗီဒီယိုများ၊ နှင့် လေယာဉ်ပျံသန်းမှုကို လေ့လာစောင့်ကြည့်သူများ၏ တွေ့ရှိချက်မှတ်တမ်းများ ပါဝင်သည်။ ဤအစီရင်ခံစာတွင် အမည်ဖော်ပြထားသည့် ကုမ္ပဏီတိုင်းကိုလည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ

ဆက်သွယ်ခဲ့သည်။ ၎င်းတို့၏ တုံ့ပြန်မှုများကို နောက်ဆက်တွဲ ၅ တွင် ထည့်သွင်းပြီး အစီရင်ခံစာထဲတွင်လည်း ထင်ဟပ်ဖော်ပြထားပါသည်။

## ပတ်သက်ပါဝင်သောကုမ္ပဏီများနှင့် နိုင်ငံများ ဥပဒေမူဘောင်နှင့် စံနှုန်းများ

ကုမ္ပဏီများသည် မည်သည့်နေရာတွင် လုပ်ငန်းလုပ်ဆောင်နေသည်ဖြစ်စေ လူ့အခွင့်အရေးအားလုံးကို လေးစားလိုက်နာရန် တာဝန်ရှိပါသည်။ ဤတာဝန်ဝတ္တရားသည် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရှောင်ရှားရန်နှင့် အမှန်တကယ်ပေါ်ပေါက်လာသည့် သက်ရောက်မှုများကို ပြန်လည်ကုစားခြင်းအပါအဝင် ၎င်းတို့ ပါဝင်ပတ်သက်မှုရှိနေသော ဆိုးရွားသောသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါသည်။ လုပ်ငန်းကုမ္ပဏီတစ်ခုအနေနှင့် အကျိုးသက်ရောက်မှုတစ်ခုကို "ဖြစ်စေရာတွင်ပါဝင်နိုင်ခြင်း" မှာ "၄င်းကိုယ်တိုင်၏လုပ်ငန်းများ၊ သို့မဟုတ် အခြားလုပ်ငန်းများနှင့် ပူးတွဲဆောင်ရွက်မှုများက အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေခြင်း၊ သို့မဟုတ် ကုမ္ပဏီတစ်ခု၏ လုပ်ငန်းများက အခြားလုပ်ငန်းများအား ဆိုးကျိုးသက်ရောက်စေသော လုပ်ရပ်များကို လုပ်စေခြင်း၊ ပံ့ပိုးကူညီခြင်း၊ မက်လုံးပေးလုပ်ဆောင်စေခြင်း" များပါဝင်သည်။ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်ချက်မှုများ(ကုလသမဂ္ဂ လမ်းညွှန်မှုများ) အရ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ဆက်စပ်နေသည့် ဆိုးရွားသောလူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများကို (ထိုသက်ရောက်မှုများကို ၎င်းတို့ကိုယ်တိုင်မဖြစ်ပွားစေခဲ့လျှင်ပင်) တားဆီးရန် သို့မဟုတ် လျော့ပါးစေရန် ကြိုးပမ်းရန်လည်း လိုအပ်ပါသည်။

၎င်း၏ စီးပွားရေးလုပ်ငန်းဆိုင်ရာတာဝန်ကို ကျေပွန်စေရန်၊ ကုမ္ပဏီတစ်ခုသည် လူ့အခွင့်အရေးဆိုင်ရာ သင့်လျော်သော အစီအစဉ်ချမှတ်လုပ်ဆောင်မှုများပြုလုပ်၍ ဆိုးရွားသော လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းမည်ကို ကြိုတင်လုပ်ဆောင်မှုများ သတိထားစဉ်ဆက်မပြတ်ပြုလုပ်ပြီး သိရှိ၊ တားဆီး၊ လျော့ပါးပြီး တာဝန်ခံမှုများပြုလုပ်ရမည်ဖြစ်သည်။ သင့်လျော်သော သတိဖြင့်စောင့်ကြည့်လေ့လာသည့် အစီအစဉ်ချမှတ်လုပ်ဆောင်မှုသည် အချိုးညီစွာလုပ်ဆောင်ရန်ဟူသော သဘောတရားအပေါ် အခြေခံသည်။ အန္တရာယ်ရှိနိုင်မှုကို ပိုကြီးမားလေလေ အစီအစဉ်ချမှတ်လုပ်ဆောင်မှု အဆင့်များအား ယင်းအန္တရာယ်နှင့် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲလုပ်ဆောင်ရန် လိုအပ်လေလေ ဖြစ်ရမည်။ မြန်မာနိုင်ငံကဲ့သို့ ပဋိပက္ခရှိနေသော အခြေအနေများတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရမှု အန္တရာယ်သည် မြင့်မားလာနေသဖြင့် စီးပွားရေးလုပ်ငန်းများ၏ သတိဖြင့်လေ့လာစောင့်ကြည့်စီမံဆောင်ရွက်မှုများကိုလည်း လျော်ညီစွာ တိုးမြှင့်သင့်သည်။

လုပ်ငန်းတစ်ခုသည် လူ့အခွင့်အရေးအတွက် ပံ့ပိုးကူညီမှုကို ရပ်ဆိုင်းရမည်ဖြစ်သည့်အခါ၊ သို့မဟုတ် လုပ်ငန်းတစ်ခုသည် လုပ်ငန်းမိတ်ဖက်အဖြစ်မှ နှုတ်ထွက်ရမည့်ကိစ္စများတွင်၊ နုတ်ထွက်ခြင်းကို "တာဝန်ရှိစွာ" လုပ်ဆောင်ရမည်ဖြစ်သည်။ ကုလသမဂ္ဂ လမ်းညွှန်မှုများအရ "တာဝန်ယူမှုရှိစွာ"

နုတ်ထွက်ရေးတွင် ကုမ္ပဏီများသည် ၎င်း၏ ခွဲထွက်ခြင်းမှ ဖြစ်ပေါ်လာမည့် အလားအလာနှင့် အမှန်တကယ် ဆိုးရွားသော သက်ရောက်မှုများကို ဖော်ထုတ်ရန်၊ လျှော့ပါးစေရန်နှင့် ကာကွယ်ရန် လိုအပ်ပါသည်။

ထို့အပြင် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအောက်တွင် နိုင်ငံတိုင်းသည် ကုမ္ပဏီများအပါအဝင် အားလုံးသောသက်ဆိုင်သူများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ရန် တာဝန်ရှိပါသည်။ နိုင်ငံများအနေဖြင့် ပုဂ္ဂလိက ပါဝင်ပတ်သက်သူများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးရန် သင့်လျော်သောအစီအမံများကို ဆောင်ရွက်ရန်လိုအပ်ပြီး၊ ချိုးဖောက်မှုများ ဖြစ်ပေါ်ပါက အချက်အလက်များကို စုံစမ်းစစ်ဆေးခြင်း၊ ကျူးလွန်သူများအား တာဝန်ခံစေခြင်းနှင့် ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုအတွက် ထိရောက်သော ကုစားမှုများ သေချာစွာရှိစေခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ပါသည်။

## လေကြောင်းမှ ဥပဒေမဲ့ တိုက်ခိုက်မှုများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာစစ်တပ်က အာဏာသိမ်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဆက်တိုက်ဖြစ်ပေါ်လာသော ဆန္ဒပြသူများကို ရက်ရက်စက်စက် ဖြိုခွင်းမှုများ ဖြစ်ပွားအပြီးတွင် မြန်မာစစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲများ ကြီးမားကျယ်ပြန့် လာသည်။ ၎င်း၏ စစ်ဆင်ရေးများတွင် မြန်မာစစ်တပ်သည် ၎င်း၏လေတပ်ကို ပိုမိုအားထား အသုံးပြုလာကာ တိုက်လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များဖြင့် လေကြောင်းတိုက်ခိုက်မှုများကို ပုံမှန်ပြုလုပ်လျက်ရှိသည်။

ဤသုတေသနတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ၂၀၂၁ ခုနှစ် မတ်လ မှ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့အပြင် စစ်ကိုင်းတိုင်း ဒေသကြီးတွင် ဖြစ်ပွားခဲ့သော ဥပဒေမဲ့ လေကြောင်း တိုက်ခိုက်မှု ၁၆ ခုကို မှတ်တမ်းတင်ခဲ့ပါသည်။ ယင်း တိုက်ခိုက်မှုများအတွင်း အရပ်သား ၁၅ ဦးထက်မနည်း သေဆုံးပြီး အခြား အရပ်သား ၃၆ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ နေအိမ်များ၊ ဘာသာရေး အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများနှင့် စစ်ဘေးရှောင် ဒုက္ခသည်များအတွက် စခန်းများလည်း ပျက်စီးခဲ့သည်။

အဆိုပါ မှတ်တမ်းပြုထားသော ဖြစ်ရပ်အများစုတွင် တိုက်ခိုက်မှုဖြစ်ပွားသည့် နေရာတွင် အရပ်သားများသာ ရှိနေပုံရသည်။ အခင်းဖြစ်ပွားရာနေရာ သို့မဟုတ် အနီးနားတွင် လက်နက်ကိုင်အဖွဲ့မှ တိုက်ခိုက်ရေးသမားများ ရှိနေခဲ့သည့်အချို့သော ဖြစ်ရပ်များတွင်လည်း စစ်တပ်မှ ပစ်မှတ်ကို တိကျစွာချိန်ရွယ်မထားသော ဗုံးကြီးများနှင့် မတိကျသော ဒုံးကျည်များကို ပစ်မှတ်မခွဲခြားဘဲ လူနေထူထပ်သော အရပ်သားဒေသများတွင် အသုံးပြုခြင်းသည်လည်း နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေအား ချိုးဖောက်ခြင်းဖြစ်ပြီး အရပ်သားများ သေဆုံး သို့မဟုတ် ဒဏ်ရာရသည့်အခါများတွင် စစ်ရာဇဝတ်မှုမြောက်ပါသည်။ ထိုသို့သော တိုက်ခိုက်မှုများသည် လူတို့၏ ဘဝများကို အကြီးအကျယ် အနှောင့်အယှက် ဖြစ်စေပြီး ၎င်းတို့၏ မြေယာများတွင် စိုက်ပျိုးနိုင်မှုနှင့် လှုပ်ရှားသွားလာနိုင်မှုတို့ကို ထိခိုက်စေပါသည်။ လူများအကြား ကြောက်ရွံ့ထိတ်လန့်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေပြီး ရံဖန်ရံခါတွင် ရွာလုံးကျွတ် အစုလိုက်အပြုံလိုက် အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသည်။


စစ်ဆင်ရေးများတွင် မြန်မာစစ်တပ်သည် ၎င်းတို့ စောင့်ကြည့်နေသော သို့မဟုတ် တိုက်ခိုက်နေသော ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအပေါ်မူတည်၍ နေရာအသီးသီးမှ လေတပ်စခန်းများကို အသုံးပြုခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တွင် အောက်ဖော်ပြပါ လေတပ်စခန်းများကို တိုက်ခိုက်မှုများတွင် အသုံးပြုခဲ့ကြောင်း ကောက်ချက်ချရန် လုံလောက်သော အထောက်အထားများ ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီလေတပ်စခန်း၊ မကွေးတိုင်း ဒေသကြီး မကွေးလေတပ်စခန်း၊ ရှမ်းပြည်နယ် နမ့်ဆန်လေတပ်စခန်း၊ မန္တလေးတိုင်းဒေသကြီး တံတားဦးလေတပ်စခန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူလေတပ်စခန်းတို့ဖြစ်ကြသည်။

## မြန်မာစစ်တပ်အတွက် လေကြောင်းလောင်စာ ထောက်ပံ့ရေးကွင်းဆက်

မြန်မာနိုင်ငံသည် လေကြောင်း လောင်စာဆီ အမျိုးအစား နှစ်မျိုးဖြစ်သော avgas နှင့် Jet A-1 တို့ကို တင်သွင်းသည်။ မြန်မာစစ်တပ်၏လေယာဉ်အများစုသည် အမျိုးအစားနှစ်မျိုးလုံးကို အသုံးပြုသော်လည်း Jet A-1 ကို အဓိကသုံးစွဲသည်။ ဤအစီရင်ခံစာသည် PEAS မှ စီမံခန့်ခွဲသော ရန်ကုန် သီလဝါဆိပ်ကမ်းမှ တစ်ဆင့် တင်သွင်းသည့် Jet A-1 အမျိုးအစားကို အလေးပေးဖော်ပြထားသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ စက်တင်ဘာ ၁၇ ရက်အတွင်း သီလဝါရှိ PEAS ကုမ္ပဏီ သိုလှောင်ရုံတွင် သင်္ဘောဖြင့် ရှစ်ကြိမ်ထက်မနည်း Jet A-1 လောင်စာဆီများချထားခဲ့ပြီး စုစုပေါင်း တင်သွင်းမှု ပမာဏအားဖြင့် ၂၀၂၁ ခုနှစ်တွင် ၆၆,၆၂၆ မက်ထရစ်တန် (MT) နှင့် ၂၀၂၂ ခုနှစ်တွင် အနည်းဆုံး ၃၁,၅၇၇ မက်ထရစ်တန် (MT) တို့ကိုတင်သွင်းခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ သိရှိခဲ့ရသည်။ လေကြောင်းသုံးလောင်စာဆီတင်သွင်းမှု အားလုံးသည် ကိုယ်တိုင်အသုံးပြုသူမဟုတ်သော်လည်း လောင်စာဆီပို့ဆောင်မှုကိုလက်ခံမည့်အဖွဲ့အစည်းဖြစ်သည့် "အပ်ကုန်လက်ခံသူ" သို့မဟုတ် ဝယ်ယူသူတစ်ဦး လိုအပ်သည်။ အဆိုပါ သင်္ဘောဖြင့်ကုန်တင်ပို့မှု ရှစ်ခုကို အပ်ကုန်လက်ခံသည့် Asia Sun Group ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော NEPAS သို့မဟုတ် Asia Sun Trading Co. Ltd. သို့ ပေးပို့ခဲ့သည်။ ၎င်းသည် လေယာဉ်ဆီလုပ်ငန်း၊ သွင်းကုန်၊ ပို့ကုန်၊ ထောက်ပံ့ပို့ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြားသောလုပ်ငန်းများ လုပ်ကိုင်နေသည့် ကုမ္ပဏီများနှင့် ဖွဲ့စည်းထားသည့် အလတ်စား မြန်မာစီးပွားရေးလုပ်ငန်းစုဖြစ်သည်။ Asia Sun Group သည်  မြန်မာ့လေယာဉ်ဆီတင်သွင်းမှုလုပ်ငန်းတွင် Puma Energy ၏ အဓိက ပြည်တွင်း လုပ်ငန်းဖက်လည်းဖြစ်သည်။

## စစ်ရာဇဝတ်မှုများကို မီးထိုးနေသော ထောက်ပံ့ရေးကွင်းဆက်




၂၀၂၂ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့ တွင် Puma Energy သည် မြန်မာနိုင်ငံမှ လုံးဝထွက်ခွာရန် သဘောတူညီချက်များရယူပြီးဖြစ်သည်ဟု ကြေငြာခဲ့ပါသည်။ မထွက်ခွါမှီ NEPAS ၏ အသေးစား ရှယ်ယာပိုင်ရှင်ဖြစ်ပြီး PEAS ၏ တစ်ဦးတည်း ပိုင်ရှင်ဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။ ထို့ကြောင့် အထက်ပါ ပုံသည် ဤအစီရင်ခံစာထွက်သည့်နေ့ရက်တွင်  တိကျမှု ရှိသည်။

## ပါဝင်ပတ်သက်နေသော အဓိကစီးပွားရေးလုပ်ငန်းကြီးများ

| Puma Energy | Asia Sun Group |
|---|---|
| • စက်ာပူတွင် ဖွဲ့စည်းတည်ထောင်ထားပြီး ဆွစ်ဇာလန်တွင် တစ်စိတ်တစ်ပိုင်း အခြေစိုက်<br>• ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် လုပ်ငန်းစတင်လည်ပတ်<br>• နိုင်ငံပိုင် မြန်မာ့ရေနံဓာတုလုပ်ငန်း (MPE) နှင့် Asia Sun Group တို့နှင့် ပူးပေါင်းလုပ်ကိုင်ခဲ့<br>• သီလဝါဆိပ်ကမ်းဂိတ်သို့ ရောက်ရှိလာသည့် လေယာဉ်ဆီ ကိုင်တွယ်သိုလှောင်ရန် တာဝန်ရှိသူ PEAS ကုမ္ပဏီ၏ ပိုင်ရှင်ဖြစ်<br>• NEPAS ၏ အနည်းစုအစုရှယ်ယာရှင်ဖြစ်ပြီး လေယာဉ်ဆီ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးပေးခြင်းအပြင် မြန်မာနိုင်ငံ လေဆိပ် ၁၁ ခုတွင် ဆီဖြည့်ခြင်း ဝန်ဆောင်မှုများ ပေးဆောင်ရန် တာဝန်ယူထား<br>• အရပ်ဘက်သုံးရန် ရည်ရွယ်သည်ဟု ဆိုသည့် လောင်စာဆီများကို တပ်မတော်မှ ယူနေကြောင်း ဝန်ခံပြီးနောက် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံမှ ထွက်ခွာမည်ဟု ကြေငြာခဲ့ | • အလတ်စား စီးပွားရေးလုပ်ငန်းစု<br>• ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ မြန်မာနိုင်ငံတွင် Puma Energy ၏ အဓိကစီးပွားရေး အစုစပ်လုပ်ဖော်ကိုင်ဖက်ဖြစ်<br>• လေယာဉ်ဆီ တင်သွင်းရန် စစ်တပ်အတွက် ကြားခံအဖြစ် ဆောင်ရွက်ခဲ့<br>• စစ်တပ်၏ လေတပ်စခန်းများသို့ လေယာဉ်ဆီဖြန့်ဖြူးရေးတာဝန်ယူ<br>• လေယာဉ်ဆီနှင့်ဆက်နွယ်နေသော လုပ်ငန်းများမှာ Asia Sun Aviation၊ Asia Sun Trading၊ Asia Sun Energy၊ Cargo Link Petroleum Logistics တို့ဖြစ် |

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် အဆိုပါ တင်ပို့ရောင်းချမှုများအနက်မှ လေးခုအား ပေးသွင်းသူများကို အတည်ပြုနိုင်ခဲ့သည်။ ၎င်းတို့မှာ Petro China မှ ရာနှုန်းပြည့်ပိုင်ဆိုင်သော စင်ကာပူရေနံကုမ္ပဏီ (ဒီဇင်ဘာ ၂၀၂၁)၊ Rosneft (ဒီဇင်ဘာ ၂၀၂၁)၊ Chevron (ဖေဖော်ဝါရီ ၂၀၂၂) နှင့် Thai Oil (ဇွန် ၂၀၂၂) တို့ဖြစ်သည်။ ထို့အပြင် ၂၀၂၂ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံသို့ လေယာဉ်ဆီ တင်ပို့မှုတွင် ExxonMobil လည်း ပတ်သက်ဆက်နွှယ်မှုရှိကြောင်း သင်္ဘောခြေရာခံခြင်းမှတဆင့် တွေ့ရှိခဲ့သည်။ ထိုတင်ပို့မှုသည် စင်ကာပူရေနံချက်စက်ရုံမှ မြန်မာပြည်သို့ ဖြစ်သည်။

ထူးခြားသည်မှာ စက်ာပူရေနံကုမ္ပဏီနှင့် Thai Oil မှ တင်ပို့သော ပို့ကုန်များကို Asia Sun Group မှ မြန်မာစစ်တပ်ထံ တိုက်ရိုက် ပေးပို့ခဲ့သည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အကောက်ခွန်ဦးစီးဌာနသို့ အသီးသီး လိပ်မူထားသည့် Jet A-1 လောင်စာဆီကို “တပ်မတော်(လေ)၏ လေယာဉ်များနှင့် ရဟတ်ယာဉ်များ” တွင် အသုံးပြုရန် Asia Sun Trading မှ တင်သွင်းသည်ဟု ဖော်ပြထားသည့် စာနှစ်စောင်၏မိတ္တူအား အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ရရှိထားသည်။

ဆိပ်ကမ်းသို့ရောက်ရှိချိန်တွင် PEAS နှင့် နော်ဝေရေကြောင်းပို့ဆောင်ရေး ကုမ္ပဏီ Wilhelmsen ၏ လက်ခွဲ Wilhelmsen Ships Service (WSS) Myanmar အပါအဝင် ရေကြောင်းတင်ပို့မှုကိုယ်စားလှယ် များ သည် ရောက်လာသော သင်္ဘောနှင့် လောင်စာဆီများကို ကိုင်တွယ်ဆောင်ရွက်ပါသည်။ Jet A-1 လောင်စာဆီများကို နိုင်ငံတစ်ဝန်းရှိ သိုလှောင်ရုံများသို့ ပို့ဆောင်မည့်အချိန်အထိ သိမ်းဆည်းထားသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ သုတေသနပြုချက်အရ Jet A-1 ဆီများကို အဓိက ဖြန့်ဖြူးသူမှာ Asia Sun Group မှ ပိုင်ဆိုင်သော Cargo Link Petroleum Logistics ဟု ခေါ်သည့် သယ်ယူပို့ဆောင်ရေးကန်ထရိုက်တာဖြစ်ပြီး လောင်စာဆီပို့ဆောင်ရန်အတွက် ဆီတင်ကားများကို အသုံးပြုသည်။

၂၀၂၁ ဒီဇင်ဘာမှ ၂၀၂၂ ခုနှစ်ဩဂုတ်လအထိရရှိသော အချက်အလက်များအပေါ်အခြေခံ၍ Cargo Link Petroleum မှ စီမံလုပ်ဆောင်သော ဆီသယ်ယူပို့ဆောင်ရေး နှစ်မျိုးရှိခဲ့သည်။ ယင်းတို့မှာ သီးခြားစီ ဖြစ်သော်လည်း ဆက်စပ်မှုရှိကြသည်။ လေဆိပ်များရှိ NEPAS သိုလှောင်ရုံများသို့ ပို့ဆောင်ခြင်း (NEPAS မှ ကုန်ကျမှုခံ) နှင့် လေတပ်စခန်းများသို့ ပို့ဆောင်မှုများဖြစ်သည်။ ဂြိုဟ်တုမှ ရရှိသောပုံများနှင့် အများသူငါရနိုင်သော အချက်အလက်များကို လေ့လာချက်များအရ NEPAS ၏ လေဆိပ် ဆယ် ခုတွင်ရှိသော သိုလှောင်ရုံများနှင့် လေတပ်စခန်းဆယ်ခုရှိ သိုလှောင်ကန်များကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ရှိခဲ့သည်။ အချက်အလက်များကို ပိုင်းခြားလေ့လာချက်အရ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၂ ခုနှစ် ဩဂုတ်လ အစောပိုင်းအတွင်းတွင် Jet A-1 လောင်စာဆီ ၃၇,၈၃၇,၈၄၄ လီတာအား NEPAS သိုလှောင်ရုံများသို့ ပို့ဆောင်ခဲ့ပြီး လေတပ်စခန်းများသို့ ၁၇,၀၂၄,၀၄၄ လီတာ ပေးပို့ခဲ့သည်။ စုစုပေါင်း Jet A-1 လောင်စာဆီ ၅၄,၈၆၁,၈၈၈ လီတာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

လောင်စာဆီကို ပေးပို့ခဲ့သော အချို့သော NEPAS သိုလှောင်ရုံများနှင့် လေတပ်စခန်းများကြား တိုက်ရိုက်ချိတ်ဆက်မှုရှိပါသည်။ လေတပ်စခန်းအချို့မှာ စစ်ရာဇ၀တ်မှုများနှင့် ဆက်စပ်ပတ်သက် နေကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ သတ်မှတ်ထားပါသည်။

ပထမတစ်ခုမှာ နေပြည်တော် လေဆိပ်နှင့် စစ်တပ်လေတပ်စခန်းတို့မှာ အမည် နှင့် လေယာဉ်ပြေးလမ်း အတူတူပင် ဖြစ်ပါသည်။ Jet A-1 လောင်စာဆီကို နေပြည်တော်သို့ NEPAS နှင့် စစ်တပ် နှစ်ဦးစလုံးအတွက် ပေးပို့ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ရရှိသော အချက်အလက်များအရ သိရသည်။ ဤအချက်အရ လေဆိပ်တွင် သီးခြားသိုလှောင်ရုံနှစ်ခုရှိသည်ဟုဆိုနိုင်သည်။ သို့သော် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ရရှိနိုင်သော ဂြိုဟ်တုဓာတ်ပုံများကို ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်ရာ နေပြည်တော်လေဆိပ်တွင် လက်ရှိအသုံးပြုနေသော သိုလှောင်ရုံ တစ်ခုသာရှိပြီး ၎င်းမှာ လေတပ်စခန်းနှင့် ကပ်လျက်ရှိကြောင်း သိရသည်။ ဤအချက်က ယင်းလေဆိပ်သို့ ပို့ဆောင်သော ဆီများအားလုံးသည် အရပ်ဘက်အတွက်ပို့သည်ဟု အမှတ်အသားပြုသည်ဖြစ်စေ၊ စစ်ဘက် အသုံးပြုမှုအတွက်ဖြစ်စေ တစ်ခုတည်းသော သိုလှောင်ရုံသို့ ပို့သောကြောင့် စစ်အာဏာပိုင်များက အသုံးပြုမည်သာဖြစ်သည်။

ဒုတိယအနေဖြင့် မန္တလေးတွင် ကြီးမားသော NEPAS သိုလှောင်ရုံရှိသော အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိသည်။ တံတားဦး လေတပ်စခန်းသည်လည်း ၎င်းလေဆိပ်တွင် တည်ရှိပြီး ၎င်း၏ ပြေးလမ်းကို မျှသုံးပါသည်။ ပေါက်ကြားလာသည့် စာရွက်စာတမ်းများအရ Jet A-1 လောင်စာဆီကို မန္တလေးလေဆိပ်သို့ NEPAS နှင့် စစ်တပ်အတွက်ပါ နှစ်ဦးစလုံးအတွက် ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဂြိုဟ်တု ဓာတ်ပုံရှာဖွေမှုများအရ လေတပ်စခန်းနှင့်တွဲလျက် သီးခြားသိုလှောင်ရုံ ရှိသည်ကို မတွေ့ရပဲ ၂၀၂၂တွင်တွေ့ခဲ့ရသော ဆီတင်ကားများ၏ သွားလာလှုပ်ရှားမှုများသည် NEPAS သိုလှောင်ရုံ(လေတပ်စခန်းဘက်တွင်မတွေ့ရ) အနီးအနားတွင်သာ တွေ့ရှိရသည်။ ထို့ကြောင့် NEPAS သိုလှောင်ရုံသည် လေဆိပ်တွင် ဆီဖြည့်ရန်အတွက် အသုံးပြုသည့်နေရာဖြစ်နိုင်ခြေများပါသည်။ ထို့အပြင် မိတ္ထီလာ၊ မြစ်ကြီးနားနှင့် နမ့်ဆန် အပါအဝင် လေတပ်စခန်းများသို့ လေယာဉ်ဆီများကို မန္တလေးမှ ပေးပို့နေကြောင်း လေတပ်မှ ထွက်လာသူများက ပြောပြသည်။ ဤအချက်အားလုံးက မန္တလေးလေဆိပ်ရှိ

NEPAS သိုလှောင်ရုံကို တပ်မတော်လေတပ်စခန်းများနှင့် ဆက်စပ်နေကြောင်းပြသနေပြီး ၎င်းတို့ထဲမှ နှစ်ခုဖြစ်သည့် (နမ့်ဆန်နှင့် တံတားဦး) ကို လေကြောင်းတိုက်ခိုက်မှုအတွက် အသုံးပြုခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ကောက်ချက်ချထားနိုင်ခဲ့ပြီး တံတားဦးလေတပ်စခန်းမှာမူ စစ်ရာဇဝတ်မှုများနှင့် တိုက်ရိုက်ဆက်စပ်နေသည်။

NEPAS နှင့် စစ်တပ်ကြား နောက်ထပ်ချိတ်ဆက်မှုမှာ Jet A-1 လောင်စာဆီအတွက် သိုလှောင်ရာ နေရာအဖြစ် အသုံးပြုသည့် စစ်တပ်ထိန်းချုပ်သည့် မန်း ရေနံချက်စက်ရုံဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ သုတေသနပြုချက်အရ NEPAS သည် မန်းသန့်စင်စက်ရုံသို့ ဆီတင်ကားများဖြင့် လေယာဉ်ဆီ အသယ်အပို့အတွက် Cargo Link Petroleum ကို အခကြေးငွေဖြင့် ငှားရမ်းခဲ့သည်။ ထို့နောက် စစ်တပ်က မန်း ရေနံချက်စက်ရုံရှိ သိုလှောင်ကန်များမှ Jet A-1 လောင်စာဆီများကို မိတ္ထီလာ၊ မှော်ဘီ၊ နေပြည်တော်၊ တောင်ငူနှင့် မုံရွာလေတပ်စခန်းများသို့ ပေးပို့ကြောင်း စာရွက်စာတမ်းများအရသိရှိရသည်။ ထိုလေတပ်စခန်းများထဲမှ စခန်း နှစ်ခုသည် စစ်ရာဇဝတ်မှုများဖြင့်တိုက်ရိုက် ဆက်စပ်နေသည်။

NEPAS သိုလှောင်ရုံများနှင့် စစ်ဘက်လေတပ်စခန်းများ သို့မဟုတ် မန်း ရေနံချက်စက်ရုံကြားရှိ ဆက်နွယ်မှုမှာ အရေးပါပါသည်။ ယင်းဆက်နွယ်မှုက အရပ်ဘက်နှင့် စစ်တပ်၏ လေယာဉ်ဆီ အသုံးပြုမှုသည် ရှင်းထုတ်၍ မရအောင် ဆက်စပ်နေကြောင်း ပြသနေသည်။

လေ့ကျင့်ရေး၊ တိုက်ခိုက်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အခြားစစ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် လေယာဉ်ကို အသုံးပြုရန် လိုအပ်လာသောအခါတွင် လေတပ်စခန်းများတွင် လေယာဉ်များကို ဆီဖြည့်တင်းကြသည်။ ၂၀၂၁ ခုနှစ် မတ်လမှ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများတွင် တပ်မတော်လေယာဉ်များ ထွက်ခွာသွားသည့် လေတပ်စခန်းငါးခုအနက်မှ လေးခုဖြစ်သည့် မှော်ဘီ၊ မကွေး၊ တံတားဦးနှင့် တောင်ငူလေတပ်စခန်းတို့ကို စစ်ရာဇဝတ်မှုမြောက်သည့် တိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်မှု တိုက်ရိုက်ရှိခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တွေ့ရှိခဲ့သည်။

ဤအစီရင်ခံစာတွင် ဖော်ပြပါရှိသည့် ကုမ္ပဏီအများအပြားမှ ရောင်းချ၊ တင်သွင်း၊ သိုလှောင်ကာ ဖြန့်ဖြူးပေးသော လေယာဉ်ဆီများသည် လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ရာတွင် စစ်တပ်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ အဆိုပါလေတပ်စခန်းလေးခုနှင့် ဆက်စပ်သည့် တိုက်ခိုက်မှုများကြောင့် အရပ်သားအမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးငယ်များ သေဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်း ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ လူမှုအသိုင်းအဝိုင်းတစ်ခုလုံးမှာ နေရပ်စွန့်ခွာထွက်ပြေးရပြီး အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ နေအိမ်များ၊ ဘာသာရေး အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများနှင့် စစ်ဘေးရှောင် ဒုက္ခသည်များအတွက် စခန်းတစ်ခုကိုလည်း ဖျက်ဆီးခဲ့ပြီး ထိတ်လန့်ကြောက်ရွံ့မှုများကိုလည်း ပျံ့နှံ့ဖြစ်ပေါ်စေခဲ့သည်။

## Puma Energy ၏ တာဝန်

Puma Energy သည် ၎င်းရာနှုန်းပြည့်ပိုင်သည့် PEAS နှင့် ဖက်စပ်လုပ်ငန်း NEPAS မှတဆင့် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများတွင် မည်ကဲ့သို့ ပတ်သက်ပါဝင်ခဲ့သည်ကို ဤအစီရင်ခံစာက ဖော်ပြထားသည်။ မြန်မာနိုင်ငံမှ ထွက်ခွာတော့မည်ဟု ကုမ္ပဏီ၏ အောက်တိုဘာ ၅ ရက် ကြေညာချက်က ဤအချက်ကို ပြောင်းလဲနိုင်ခြင်းမရှိပေ။

Puma Energy သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှုမတိုင်မီကတည်းက လေတပ်အား လေယာဉ်ဆီများ ရောင်းချပေးခဲ့ကြောင်းဝန်ခံခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ပေးပို့သည့် သူ၏စာတွင် အာဏာသိမ်းပြီးနောက် Puma Energy သည် "၎င်း၏သြဇာကိုသုံး၍ NEPAS မှ MAF (မြန်မာ့လေတပ်) ထံသို့ ထောက်ပံ့မှုများကို ရပ်ဆိုင်းစေခဲ့ကြောင်း" ဖော်ပြခြင်းဖြင့် ယင်းအချက်ကို အသိအမှတ်ပြုခဲ့သည်။ ဤသည်မှာ ကြီးမားသောပြဿနာဖြစ်ပါသည်။

၂၀၁၅ ခုနှစ် မှ ၂၀၂၁ ခုနှစ်အတွင်း မြန်မာ့တပ်မတော်မှ ကျူးလွန်သော နိုင်ငံတကာ ဥပဒေ အရ ရာဇဝတ်မှုများနှင့် အခြား လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် မြန်မာစစ်တပ်၏ လေကြောင်းအသုံးပြုမှုများ၏ အခန်းကဏ္ဍကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှမှတ်တမ်းတင်ထားသည်။ အဆိုပါ ရာဇဝတ်မှုများတွင် အရပ်သားများကို သေကြေဒဏ်ရာရစေသည့် တိုက်လေယာဉ်များ တိုက်ခိုက်ရေး ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်မှုများနှင့် ရိုဟင်ဂျာအမျိုးသမီး၊ အမျိုးသား၊ ကလေးငယ်များအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအပြင် ရွာမီးရှို့ခံရမှုတွင် ပါဝင်ဖွယ်ရှိသည်ဟု ယူဆရသည့် စစ်သားများအား ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ခြင်းလည်း ပါဝင်သည်။ ထို့ကြောင့် စစ်တပ်အာဏာသိမ်းခြင်းမပြုမီကပင် Puma Energy သည် မြန်မာစစ်တပ်မှ နိုင်ငံတကာဥပဒေအရ ရာဇဝတ်မှုမြောက်သည်များကိုကျူးလွန်ခြင်းတွင် ဆက်နွယ်နေပြီးဖြစ်ပါသည်။

ကုမ္ပဏီ၏အဆိုအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး လောင်စာဆီများကို အရပ်ဘက်သုံးလေကြောင်းအတွက်သာ ပေးပို့ရန် ကန့်သတ်လုပ်ဆောင်သည်ဟု ဆိုပါသည်။ သို့သော် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ၏ တွေ့ရှိချက်များက PEAS နှင့် NEPAS သည် လေယာဉ်ဆီများကို စစ်တပ်သို့ ထောက်ပံ့ရေးကွင်းဆက်၏ အဆင့်တိုင်းနီးပါးတွင် ကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့သည်ဟု ညွှန်ပြနေသည်။ လေယာဉ်ဆီ တင်သွင်းမှုအတွက် ကုန်အမှာလက်ခံသူအဖြစ်လည်းကောင်း၊ တိုင်းပြည်တွင်းသို့ Jet A-1 ဆီများ အများဆုံးဝင်ရောက်ရာ သီလဝါဆိပ်ကမ်းရှိ ဆီတင်ချမှုလက်ခံရာ PEAS ဆိပ်ကမ်းကို စီမံကွပ်ကဲခြင်းဖြင့်လည်းကောင်း၊ အချို့ NEPAS သိုလှောင်ကန်များသို့ ဆီအချို့ကို ပို့ပေးရန် ယာဉ်များကို ငွေပေးငှားရမ်းခြင်းဖြင့်လည်းကောင်း၊ အများအပြားမှာ မြန်မာစစ်တပ်ကို ထောက်ပံ့ပေးလျက်ရှိသည့် NEPAS သိုလှောင်ရုံများကို စီမံခန့်ခွဲခြင်းဖြစ်ပြီး ပတ်သက်မှုများရှိခဲ့သည်။

"အချို့သော NEPAS လေဆိပ်သိုလှောင်ရုံများတွင် စစ်တပ်က လောင်စာဆီအတင်းအကျပ် တောင်းဆိုနေသည့် သတင်းများကို" သိရှိလာကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကို ကုမ္ပဏီကိုယ်တိုင်က အသိပေးခဲ့သည်။ ဤသတင်းများသည် ရှိထားသော ထိန်းကွပ်မှုများကို NEPAS ၏ လိုက်နာဆောင်ရွက်နိုင်စွမ်းရည်အပေါ် ကျွန်ုပ်တို့၏ယုံကြည်မှုကို

ထိခိုက်စေသည်" ဟု Puma Energy မှ ပြောကြားခဲ့သည်။ Puma Energy သည် ၎င်းအနေနှင့် ကြိုးပမ်းသော်လည်း မြန်မာ့ရေနံနှင့်ဓာတုလုပ်ငန်း MPE အပေါ် ဩဇာသက်ရောက်နိုင်မှု မရှိကြောင်းနှင့် အရပ်ဘက်နှင့် စစ်ဘက်လေယာဉ်ဆီ ရောထွေးသုံးစွဲနေမှုအား တားဆီးနိုင်ခြင်းမရှိကြောင်း ပြသသည်။ မြန်မာစစ်တပ်အား လေယာဉ်ဆီရရှိရေးကို ဆောင်ရွက်ပေးခြင်းဖြင့် Puma Energy သည် ဆိုးရွားသော လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများ ဖြစ်ရာတွင် ပံ့ပိုးပေးခဲ့ပါသည်။
Puma Energy ကဲ့သို့ပင် လူ့အခွင့်အရေးများ ထိခိုက်နစ်နာစေရာတွင် ပါဝင်နေသည့် ကုမ္ပဏီများအနေဖြင့် တာဝန်သိစွာ လုပ်ငန်းများကိုရပ်သိမ်းပြီး ယင်းကဲ့သို့ ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားရာတွင် ပါဝင်ကူညီခြင်းဖြင့် ထိခိုက်နစ်နာမှုကို ရပ်တန့်စေရမည်ဖြစ်သည်။ သင့်လျော်သော လျော်ကြေးပေးရေး အစီအစဉ်များရရှိရန် လေကြောင်းတိုက်ခိုက်မှုဒဏ်ခံခဲ့ရသော မြန်မာအသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် စတင်သင့်သည်။

## ထောက်ပံ့ရေးကွင်းဆက်တွင်ပါဝင်သော အခြားကုမ္ပဏီများအားလုံး၏ တာဝန်

ဤအစီရင်ခံစာတွင်ဖော်ပြထားသော အခြားနိုင်ငံခြားကုမ္ပဏီများသည် Jet A-1 လောင်စာဆီကို မြန်မာနိုင်ငံအနှံ့အပြားသို့ ရောင်းချခြင်း၊ တင်သွင်းခြင်းနှင့် ဖြန့်ဖြူးရာတွင် ပံ့ပိုးကူညီရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

ပဋိပက္ခဖြစ်ပွားနေသည့် နိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံသို့ ရောင်းချခြင်းမပြုမီ ရောင်းချသူများသည် ၎င်းတို့ရောင်းချသော လေယာဉ်ဆီ ဝယ်ယူသူများက ဆိုးရွားသောလူ့အခွင့်အရေးဆိုင်ရာ ထိခိုက်မှုများနှင့် ဆက်စပ်မှုရှိမရှိ သိနားလည်ရန် လူ့အခွင့်အရေးဆိုင်ရာ သတိဖြင့်အကဲဖြတ်စောင့်ကြည့်သည့်လုပ်ငန်းစဉ်ချမှတ်မှုပြုလုပ်ရမည် ဖြစ်ပါသည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ဖော်ထုတ်ခဲ့သော ဆီရောင်းချသူများဖြစ်သော Rosneft၊ Chevron နှင့် Thai Oil တို့က လေယာဉ်ဆီကို အရပ်ဘက်သုံးအတွက်သာ ထောက်ပံ့ပေးနေခဲ့သည်ဟု ယုံကြည်ကြောင်း ရှင်းပြခဲ့သည်။ အချို့သောကုမ္ပဏီ များက ၎င်းတို့ထံမှ ဆီဝယ်ယူသူများသည် ပိတ်ဆို့အရေးယူမှုစာရင်းတွင် မပါဝင်ကြောင်း သေချာစေရန် သတိထားစိစစ်လေ့လာမှုများပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

သို့သော် Thai Oil ကုမ္ပဏီကြုံရသည့်ဖြစ်ရပ်က ပြနေသလိုပင် လောင်စာဆီများအား အရပ်ဘက်အတွက်သာ အသုံးပြုမည်ဟု အာမခံထားသော်လည်း Jet A-1 လောင်စာဆီအား Asia Sun Trading မှ "တပ်မတော်(လေ) အသုံးပြုရန်အတွက်" မြန်မာစစ်တပ်သို့ တိုက်ရိုက် ပံ့ပိုးခဲ့ခြင်း ဖြစ်သည့်အတွက် လောင်စာဆီရောင်းချသူများသည် စာချုပ်ပါပြဋ္ဌာန်းချက်များကို အားကိုး၍မရကြောင်း တွေ့ရပါသည်။ အများစုသောဖြစ်ရပ်များတွင် ဤကဲ့သို့သော အာမခံချက်များကို NEPAS မှ ပေးသည်။ သို့သော်လည်း ၎င်း၏အစုရှယ်ယာရှင်တစ်ဦးဖြစ်သည့် Puma Energy က "အချို့သော NEPAS လေဆိပ်သိုလှောင်ရုံများတွင် စစ်တပ်မှ လောင်စာဆီများကို အတင်းအကျပ် တောင်းဆိုနေသည်" ဟူသော သတင်းများကို သိရှိထားကြောင်း ဝန်ခံခဲ့သည်။ ဤအချက်က မြန်မာနိုင်ငံရှိ မည်သည့်ကုမ္ပဏီကိုမဆို လေယာဉ်ဆီ ရောင်းချခြင်းသည် အန္တရာယ် အလွန်မြင့်မားကြောင်း ညွှန်ပြနေသည်။

ယင်းတွေ့ရှိချက်များကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ Thai Oil ထံ ဝေမျှပြီးနောက် ကုမ္ပဏီဘက်မှ ပြန်ကြားစာတွင် "ကော်ပိုရေးရှင်း၏စီမံအုပ်ချုပ်မှုကောင်းမွန်မှုဆိုင်ရာမူဝါဒများကို လိုက်နာခြင်းရှိမရှိသံသယများကို ရှောင်ရှားနိုင်ရန် ယင်းသံသယများပြေရှင်းသွားချိန်အထိ မြန်မာနိုင်ငံသို့ Jet A-1 လောင်စာဆီကို ရောင်းချခြင်းကို ရပ်ထားရန် ဆုံးဖြတ်ခဲ့သည်"ဟု တုံ့ပြန်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ မေးမြန်းချက်များကို ဖြေကြားရာတွင် ရေကြောင်းတင်ပို့မှုကိုယ်စားလှယ်ဖြစ်သည့် Wilhelmsen ကဲ့သို့ ဤအစီရင်ခံစာတွင် ဖော်ပြထားသော ကုမ္ပဏီက ၎င်းတို့သည် Jet A-1 လောင်စာဆီကို အရပ်ဘက်သုံးအတွက် တင်ပို့ရာတွင်သာ ပါဝင်ပတ်သက်ကြောင်း အလားတူ ရှင်းပြခဲ့သည်။ သို့သော် Puma Energy ကိုယ်တိုင်၏ ဝန်ခံချက်တွင် "ရောင်းချမှုကို အရပ်ဘက်လေကြောင်းလိုင်းများအတွက်သာဟူ၍ ကန့်သတ်ရန် ထိန်းချုပ်နိုင်ခြင်းမရှိ" ဟုဆိုထားသဖြင့် လက်တွေ့တွင် ယင်းသို့လုပ်ဆောင်ရန် မဖြစ်နိုင်ကြောင်းကို ပြသနေသည်။

စင်စစ်အားဖြင့် Wilhelmsen က "အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ပေးအပ်သည့် နောက်ဆုံးရ သတင်းအချက်အလက်များကို သေချာစွာသုံးသပ်ပြီးနောက် Wilhelmsen Ships Service Myanmar သည် သင်တို့၏အစီရင်ခံစာတွင်ဖော်ပြပါရှိထားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို မည်သည့်နည်းနှင့်မျှ ပါဝင်ကူညီမည်မဟုတ်ကြောင်း ကျွန်ုပ်တို့ ဆုံးဖြတ်ထားပါသည်။ ထို့ကြောင့် Wilhelmsen Ships Service Myanmar သည် မြန်မာနိုင်ငံရှိ ဆိပ်ကမ်းများတွင် Jet A-1 လေယာဉ်ဆီ ထုတ်ပေးနေသော ရေယာဉ် သို့မဟုတ် ရေယာဉ် ပိုင်ရှင်များအတွက် ကိုယ်စားလှယ် ဝန်ဆောင်မှုပေးခြင်းမှန်သမျှကို ချက်ခြင်း ရပ်ဆိုင်းသွားမည်ဖြစ်ပါသည်"ဟု ပြန်ကြားခဲ့သည်။

မြန်မာနိုင်ငံသို့ လေယာဉ်ဆီ ရရှိအောင် ပေးပို့ထောက်ပံ့မှုတွင် ဆီရောင်းချမှုအား လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးသည့် ကုမ္ပဏီများ အပါအဝင် ပါဝင်သည့် ကုမ္ပဏီများအားလုံး တို့သည် NEPAS၊ PEAS သို့မဟုတ် Asia Sun တို့နှင့် စီးပွားရေး ဆက်ဆံမှုများမှတစ်ဆင့် မြန်မာစစ်တပ်နှင့် ဆက်စပ်မှု ရှိနေကြသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိသည်နှင့် တပြိုင်နက် စစ်တပ်က လောင်စာဆီ ကို ရယူသုံးစွဲခြင်းမှ တားဆီးရန် စွမ်းဆောင်နိုင်မှု မရှိသောကြောင့် အဆိုပါကုမ္ပဏီများသည် မြန်မာနိုင်ငံသို့ လေယာဉ်ဆီ ပေးပို့ခြင်းမပြုသင့်တော့ဘဲ ဖြစ်နိုင်လျှင် တာဝန်သိစွာဖြင့် လုပ်ငန်းရပ်ဆိုင်းကြရန် လိုအပ်ပါသည်။

## နိဂုံးနှင့် အဓိကအကြံပြုချက်များ

ယခုအစီရင်ခံစာတွင် စစ်ရာဇဝတ်မှုမြောက်သောလုပ်ရပ်များ အများအပြားပါဝင်သည့် မြန်မာစစ်တပ်၏ ဥပဒေနှင့်မညီညွတ်သော လေကြောင်းတိုက်ခိုက်မှုများ ဖြစ်စဉ်အလေ့အထများကို မှတ်တမ်းပြုစု ဖော်ပြထားပါသည်။ ယင်းလေကြောင်း တိုက်ခိုက်မှုများကြောင့် အရပ်သားအမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးငယ်များ သေဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်း ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ လူမှုအသိုင်းအဝိုင်းတစ်ခုလုံးမှာ နေရပ်စွန့်ခွာထွက်ပြေးရပြီး အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ နေအိမ်များ၊ ဘာသာရေး အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများနှင့်

စစ်ဘေးရှောင် ဒုက္ခသည်များအတွက် စခန်းတစ်ခုကိုလည်း ဖျက်ဆီးခဲ့ပြီး ထိတ်လန့်ကြောက်ရွံ့မှုများ ကိုလည်း ပျံ့နှံ့ဖြစ်ပေါ်စေခဲ့သည်။

လေကြောင်းသုံးလောင်စာဆီများမရရှိလျှင် မြန်မာစစ်တပ်သည် ယင်းကဲ့သို့ လေကြောင်းတိုက်ခိုက်မှုများ အတွက်တာဝန်ရှိသော လေယာဉ်များကို မောင်းနှင်နိုင်ရန်စွမ်းအင်လုံးဝရှိမည်မဟုတ်ပါ။ သို့ရာတွင် အသက်ဆုံးမှုများဖြစ်စေခဲ့သော ရောင်းချမှုကွင်းဆက်တွင် ကုမ္ပဏီများက ဆက်လက်ပါဝင်ပတ်သက် နေကြဆဲ ဖြစ်သည်။ ယင်းကွင်းဆက်တွင် နိုင်ငံတကာနှင့် ပြည်တွင်းကုမ္ပဏီများသည် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများက စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုနှင့် အခြားသော ကြီးမားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပတ်သက်တာဝန်ရှိသည်ဟု ဖော်ပြထားသည့် မြန်မာစစ်တပ်နှင့် ဆက်နွှယ်နေကြပါသည်။

၂၀၁၅ ခုနှစ်မှ စတင်ပြီး မြန်မာစစ်တပ်အား လေကြောင်းသုံးလောင်စာဆီများ ထောက်ပံ့ပေးနေသောကွင်းဆက်တွင် အဓိကပါဝင်နေခဲ့သော နိုင်ငံခြားစီးပွားရေးလုပ်ငန်းမှာ Puma Energy ဖြစ်သည်။ ယင်းကုမ္ပဏီက နိုင်ငံတွင်းကထွက်ခွာတော့မည်ဟု ၂၀၂၂ အောက်တိုဘာ ၅ရက် ကြေညာခဲ့ပြီးသည့်နောက်တွင် ကုမ္ပဏီက “မြန်မာလေတပ်သည် အရပ်ဖက်အတွက် ပေးပို့ရန် ခွဲခြားထားသော ထိန်းချုပ်မှုများကို ချိုးဖောက်ခဲ့သောဖြစ်ရပ်များရှိခဲ့သည်ဆိုသော သတင်းများကို ၄င်းတို့အနေနှင့် သတိပြုမိကြောင်း” အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အား အသိပေးခဲ့သည်။ ယင်းအချက်က လေကြောင်းသုံးလောင်စာဆီကို စစ်ဖက်ရော အရပ်ဖက်ကပါရောပြီး အသုံးပြုနေခြင်းများရှိပြီး Puma Energy ကိုယ်တိုင် တားဆီးခြင်းမပြုနိုင်ကြောင်းပြနေသည်။ ထို့အပြင် ယင်းထောက်ပံ့ရေးကွင်းဆက်တွင်ပါဝင်နေကြသော ရောင်းချသူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေကြောင်းတင်ပို့မှုကိုယ်စားလှယ်များနှင့် ရေကြောင်းအာမခံလုပ်ငန်းများစသော ကုမ္ပဏီများအားလုံးတို့သည် မြန်မာနိုင်ငံရှိ လုပ်ငန်းဖက်ကိုယ်စားလှယ်များအား ပေးပို့သော လေကြောင်းသုံးလောင်စာဆီများကို မြန်မာစစ်တပ်က ယူ၍အသုံးမပြုနိုင်ပါဟူသော လွဲမှားသည့်အသိအပေါ် အားကိုးအလုပ်လုပ် နေကြကြောင်းလည်း ပြသနေပါသည်။

Puma Energy အနေနှင့် မြန်မာနိုင်ငံရှိလုပ်ငန်းများမှ တာဝန်သိစွာဆုတ်ခွာရုံမက ၎င်းပတ်သက်ဖြစ်ပေါ်စေခဲ့သော ဆိုးကျိုးများအတွက်လည်း ပြန်လည်ကုစားပေးရမည်ဖြစ်သည်။ လောင်စာဆီရောင်းချပေးသည့်ကွင်းဆက်တလျှောက်ပါဝင်ပတ်သက်နေသော အခြားကုမ္ပဏီများအားလုံးသည်လည်း မြန်မာနိုင်ငံအား လေယာဉ်ဆီရောင်းချထောက်ပံ့ပေးသည့် လုပ်ငန်းများအား ရပ်တန့်ရပါမည်။ တတ်နိုင်လျှင် တာဝန်ရှိစွာဆုတ်ခွာကြရပါမည်။ နောက်ဆုံးအနေနှင့် နိုင်ငံများသည်လည်း အရေးယူဆောင်ရွက်ကြရပါမည်။ စီးပွားရေးကုမ္ပဏီများအပါအဝင် အားလုံးတို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးရန်တာဝန်ရှိပါသည်။ မြန်မာစစ်တပ်အား လေကြောင်းသုံးလောင်စာဆီလုံးဝ ရောင်းချခြင်းမပြုရန် လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ရန် တစ်ခုတည်းသောနည်းလမ်းမှာ နိုင်ငံအတွင်းသို့ လေကြောင်းသုံးလောင်စာဆီများ ရောင်းချခြင်းအားလုံးကို

ရပ်တံ့ရန်သာရှိပါသည်။ ထိုသို့ပြုလုပ်လျှင် အရပ်ဘက်လေကြောင်းဝန်ဆောင်မှုများ ကိုလည်း ထိခိုက်နိုင်သည်ဟု ဆိုသော်လည်း ဤအစီရင်ခံစာတွင် သက်သေပြပြီးဖြစ်သည့် Puma Energy ကိုယ်တိုင်က ဝန်ခံထားခဲ့သည့်အတိုင်း မြန်မာစစ်တပ်သည် အရပ်ဘက်အသုံးပြုရန် ရည်ရွယ်ထားသော လေယာဉ်ဆီများကို သိမ်းယူမှုများပြုလုပ်ခဲ့သည်။ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကို ဆိုးရွားစွာချိုးဖောက်မှုဖြစ်စေသည့် လေကြောင်းတိုက်ခိုက်မှုများအတွက် စစ်တပ်မှ လေယာဉ်ဆီ အသုံးမပြုကြောင်း သေချာစေနိုင်မည့် ယန္တရားတစ်ခုကို နိုင်ငံများက မထားရှိနိုင်မချင်း နိုင်ငံတိုင်းသည် မြန်မာနိုင်ငံသို့ လေယာဉ်ဆီ ထောက်ပံ့မှုကို ဆိုင်းငံ့ထားရမည်ဖြစ်သည်။

# အဓိက အကြံပြုတင်ပြချက်များ

PUMA ENERGY **သို့**

- မြန်မာနိုင်ငံမှထွက်ခွာရန်ပြုလုပ်နေစဉ်အတွင်း မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကြောင့် ဖြစ်လာရသော ဆိုးရွားသောအကျိုးဆက်များကို လျော့နည်းအောင်ကြိုးစားနေကြောင်းကို ပြသရန်
- မိမိတို့နှင့်ပတ်သက်ဆက်နွယ်ပြီးဖြစ်ပေါ်လာခဲ့ရပြီးသော အကျိုးဆက်များအားလုံးကို ပြန်လည်ကုစားပေးရေးအတွက် ထောက်ပံ့ကူညီရန်

ASIA SUN **အုပ်စုသို့**

- မြန်မာစစ်တပ်အားလေယာဉ်ဆီများပေးပို့နေမှုကို ဆောလျင်စွာရပ်တန့်ရန်

**ရောင်းချသူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေကြောင်းတင်ပို့မှုကိုယ်စားလှယ်များ၊ ရေကြောင်းအာမခံကုမ္ပဏီများနှင့် မြန်မာနိုင်ငံသို့ လေယာဉ်ဆီရောင်းချနေသော ကွင်းဆက်တွင်ပါဝင်နေသော ငွေကြေးအဖွဲ့အစည်းများသို့**

- မြန်မာနိုင်ငံအား လေယာဉ်ဆီများ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပေးပို့ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း၊ ကြားခံအဖြစ်လုပ်ဆောင်ပေးခြင်း၊ ရေကြောင်းတင်ပို့မှုများကို တစ်ဆင့်ခံဆောင်ရွက်ခြင်း၊ ပွဲစားလုပ်ပေးခြင်းများကို ချက်ချင်းရပ်တန့်ရန်

**နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ** (SAC) **သို့**

- အရပ်သားများနေထိုင်သော ဒေသများတွင် ပစ်မှတ်သေချာမထားသော လေကြောင်းတိုက်ခိုက်မှုများကို ရပ်တန့်ရန်၊ အနားတဝိုက်တွင် စစ်ရေးပစ်မှတ်များရှိနေစေကာမူ စစ်တပ်ကသုံးနေသော ကြီးမားသည့် ဗုံးကြီးများနှင့် ပစ်မှတ်မသတ်မှတ်ထားသော ဒုံးကျည်များကြောင့် အရပ်သားအများအပြား ထိခိုက်သေဆုံးနေရပါသည်။

**ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့**


- လက်နက်၊ ခဲယမ်းမီးကျောက်၊ စစ်ရေးနှင့် လုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများ၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် အခြားစစ်ရေးနှင့် လုံခြုံရေးဆိုင်ရာအကူအညီပေးခြင်းများကို

တားမြစ်ခြင်းများ ပါဝင်သော ပြည့်စုံသည့်ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့ရောင်းချခြင်းကို တားဆီးပိတ်ပင်ချက် ချမှတ်ရန်

- နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေကို ဆိုးရွားစွာချိုးဖောက်မှုများတွင် လေယာဉ်ဆီ များကို အသုံးမပြုနိုင်အောင် ထိရောက်သောတားဆီးနိုင်မှု ယန္တရားများ မဖော်ဆောင်နိုင်မချင်း မြန်မာနိုင်ငံအား လေယာဉ်ဆီများ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပေးပို့ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း၊ ကြားခံအဖြစ်လုပ်ဆောင်ပေးခြင်း၊ ရေကြောင်းကုန်တင်ပို့မှုများကို တစ်ဆင့်ခံဆောင်ရွက်ခြင်း၊ ပွဲစားလုပ်ပေးခြင်းများကို တားဆီးပိတ်ပင်မှုများ ချမှတ်ရန်

## နိုင်ငံအားလုံးသို့

- မြန်မာနိုင်ငံကို တိုက်ရိုက်နှင့် သွယ်ဝိုက်ပြီးပါ ပေးပို့နေသော လက်နက်၊ ခဲယမ်း၊ အခြားစစ်ဘက်နဲ့ လုံခြုံရေးဆိုင်ရာ ထောက်လှမ်းကြည့်ရှုနိုင်သော ကိရိယာနှင့်စနစ်များ၊ လေ့ကျင့်သင်တန်းပေးနေမှုများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် အခြားစစ်ဘက်နှင့် လုံခြုံရေးဖက်ဆိုင်ရာ အကူအညီများ အားလုံးကို ချက်ချင်းရပ်ဆိုင်းရန်
- နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေကို ဆိုးရွားစွာချိုးဖောက်မှုများတွင် လေယာဉ်ဆီ များကို အသုံးမပြုနိုင်အောင် ထိရောက်သောတားဆီးနိုင်မှု ယန္တရားများ မဖော်ဆောင်နိုင်မချင်း မြန်မာနိုင်ငံအား လေယာဉ်ဆီများ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပေးပို့ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း၊ ကြားခံအဖြစ်လုပ်ဆောင်ပေးခြင်း၊ ရေကြောင်းတင်ပို့မှုများကို တစ်ဆင့်ခံဆောင်ရွက်ခြင်း၊ ပွဲစားလုပ်ပေးခြင်းများကို တားဆီးပိတ်ပင်မှုများ ချမှတ်ရန်



N
INDIA
CHINA
BANGLADESH
MYANMAR
LAOS
THAILAND
MYITKYINA AIRPORT
& NAMPONG AIR BASE
HOMALIN AIR BASE
MANDALAY INTERNATIONAL
AIRPORT & TADA-U AIR BASE
SHANTE AIR BASE
NANSANG AIR BASE
HEHO AIRPORT
TACHILEIK AIRPORT
SITTWE AIRPORT
MAGWAY AIR BASE
MANN
REFINERY
KYAUKPHYU AIRPORT
NAY PYI TAW INTERNATIONAL
AIRPORT & AIR BASE
TAUNGOO AIR BASE
HMAWBI AIR BASE
YANGON INTERNATIONAL AIRPORT
& MINGALADON AIR BASE
PATHEIN AIR BASE
THILAWA PORT
DAWEI AIRPORT
MYEIK AIRPORT
& AIR BASE
KAWTHAUNG AIRPORT
200km
KEY
NEPAS storage facility
Myanmar air base storage facility
Fuel storage area
Data sources: Myanmar Information Management Unit, ESRI Hillshade data, NEPAS

**Amnesty International သည် လူ့အခွင့်အရေးအတွက် အပြည်ပြည်ဆိုင်ရာ လှုပ်ရှားမှုတစ်ခု ဖြစ်ပါသည်။ လူတစ်ဦးချင်းဆီ၏ တရားမျှတမှုမရှိခြင်းသည် ကျွန်ုပ်တို့အားလုံးနှင့် သက်ဆိုင်သည်။**


CONTACT US

info@amnesty.org

+44 (0)20 7413 5500

JOIN THE CONVERSATION

www.facebook.com/AmnestyGlobal

@Amnesty

# မရဏ ကုန်စည်

## မြန်မာနိုင်ငံရှိ စစ်ရာဇဝတ်မှုများကို မီးထိုးနေသော ထောက်ပံ့ရေးကွင်းဆက်အား ဖော်ထုတ်ခြင်း

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က Justice For Myanmar နှင့် အတူ မြန်မာနိုင်ငံတွင် အလျှို့ဝှက်ဆုံးနှင့် မဟာဗျူဟာမြောက် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများထဲမှ တစ်ခုဖြစ်သည့် "စစ်တပ်အား လေယာဉ်ဆီ ထောက်ပံ့ပေးခြင်း"၏ အသေးစိတ်မှတ်တမ်းကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တင်ပြထားပါသည်။

၂၀၁၅ခုနှစ်မှစပြီး လေယာဉ်ဆီ ထောက်ပံ့ရေးကွင်းဆက်တွင် အဓိကပါဝင်သည့် နိုင်ငံခြားစီးပွားရေးလုပ်ငန်းမှာ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာ နှင့် စင်ကာပူတွင် အဓိကအခြေစိုက် ဖွဲ့စည်းတည်ထောင်ထားသော ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ကုမ္ပဏီ Puma Energy ဖြစ်ပြီး၊ ကုန်စည်ကုမ္ပဏီကြီး Trafigura မှ အများအားဖြင့်ပိုင်ဆိုင်ထားသည်။

ကမ္ဘာတစ်ဝန်းနှင့်ဒေသဆိုင်ရာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများ တို့အပြင် ရေကြောင်းအာမခံကုမ္ပဏီများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေကြောင်းတင်ပို့မှုကိုယ်စားလှယ်ကုမ္ပဏီများနှင့် ဆီတင်ကားဖြင့် ဖြန့်ဖြူးရောင်းချသူများသည်လည်း လောင်စာဆီ ထောက်ပံ့ရေးကွင်းဆက်၏ တစိတ်တစ်ပိုင်းဖြစ်နေပြီး ၎င်းတို့အားလုံး စစ်ရာဇဝတ်မှုမြောက်သော လေကြောင်းတိုက်ခိုက်မှုများအတွက် တာဝန်ရှိသည့် မြန်မာစစ်တပ်နှင့် ပတ်သက်ဆက်နွယ်မှုကိုဖြစ်စေသည်။

ထို့ကြောင့် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေကို ဆိုးရွားစွာချိုးဖောက်မှုများတွင် လေယာဉ်ဆီများကို အသုံးမပြုနိုင်အောင် ထိရောက်သောတားဆီးနိုင်မှု ယန္တရားများ မဖော်ဆောင်နိုင်မချင်း မြန်မာနိုင်ငံအား လေယာဉ်ဆီများ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပေးပို့ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်း၊ ကြားခံအဖြစ်လုပ်ဆောင်ပေးခြင်း၊ ရေကြောင်းတင်ပို့မှုများကို တစ်ဆင့်ခံဆောင်ရွက်ခြင်း၊ ပွဲစားလုပ်ပေးခြင်းများကို တားဆီးပိတ်ပင်မှုများ ချမှတ်ရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ တိုက်တွန်းလိုက်သည်။